# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

October 18 , 2023 Volume 71, Number 13

၁၈.၁၀.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၁၈ US$ |
| မြန်မာ့ရွှေဈေး | = ၃၄၅၅၀၀၀ ကျပ် |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၁၂.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၃၃.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၅၆.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၈.၈ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၇.၁၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၂၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၀၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၃.၄၁ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၈၉၉ ကျပ် |

Source: CBM Rate, etrademyanmar.com

## မြန်မာနိုင်ငံတွင် အယ်နီညိုသက်ရောက်မှုနည်းမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များကို တိုးမြှင့်တင်ပို့နိုင်ရန် အခွင့်အရေးရှိ

မြန်မာနိုင်ငံတွင် အယ်လ်နီညို သက်ရောက်မှုနည်းမည်ဖြစ်သည့်အတွက် စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် ဆန်၊ ပဲမျိုးစုံ၊ နှမ်း၊ ပြောင်း၊ ရော်ဘာအပါအဝင် ပို့ကုန်များကို ပိုမိုတိုးမြှင့်တင်ပို့နိုင်ရေး အခွင့်အရေးရှိကြောင်း ကုန်သည်စက်မှု အသင်းချုပ် ဥက္ကဋ္ဌ ဦးအေးဝင်းက ပြောသည်။

ပို့ကုန်တိုးမြှင့်ရေးတွင် ဝန်ကြီးဌာန၊ ဆက်စပ်ဌာနများနှင့် ကုန်သည် လုပ်ငန်းရှင်များအနေဖြင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ပြီး၊ ပထမ (၆)လတာကာလတွင် ပို့ကုန်တင်ပို့မှု ၄၆ ရာခိုင်နှုန်းသာ တင်ပို့ထားနိုင်သည့်အတွက် နောက်ပိုင်းကာလများတွင် ယခုထက် ပိုမိုတင်ပို့သွားနိုင်ရန် နည်းလမ်းရှာ ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

"အလားအလာရှိတဲ့ ပို့ကုန်အမယ်သစ်တွေကိုရှာဖွေဖို့ အသင်းအဖွဲ့တွေနဲ့ ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လုပ်ငန်းရှင်တွေအကြား မျှတတဲ့အကျိုးစီးပွား ဖော်ဆောင်ရန် လိုအပ်ပါတယ်။ အသင်းချုပ်နဲ့ ညီနောင်အသင်းအဖွဲ့များအနေနဲ့ ပို့ကုန် တိုးမြှင့်ရေးဆောင်ရွက်ရာတွင် အမှန်တကယ်အလုပ်ဖြစ်နိုင်မည့် လက်တွေ့ကျတဲ့ ချဉ်းကပ်မှုများနဲ့ထိရောက်စွာ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

ထို့ပြင် တက်ရောက်လာသည့် ဆန်၊ ပဲမျိုးစုံ၊ လယ်ယာထွက်ကုန်၊ ဆီထွက်သီးနှံ၊ ပြောင်း၊ သစ်သီးဝလံ၊ CMP အထည်ချုပ်ကဏ္ဍစသည်တို့မှ ပို့ကုန်လုပ်ငန်းရှင်များမှ ပို့ကုန်တင်ပို့ ဆောင်ရွက်မည့် အခြေအနေများ၊ ပို့ကုန်တင်ပို့မှုလျော့နည်းစေသည့် အချက်များဖြစ်သော နိုင်ငံခြားငွေလဲလှယ်နှုန်း၊ ကုန်ဈေးနှုန်းကြီးမြှင့်ခြင်းများ၊ ပို့ကုန် တိုးမြှင့်တင်ပို့နိုင်ရန် အကြံပြုချက်များကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းလည်း သိရ သည်။

ထို့ပြင် သွင်းကုန်လုပ်ငန်းရှင်များနှင့် တွေ့ဆုံခဲ့ပြီး သွင်းကုန်လုပ်ငန်းရှင်များ အနေဖြင့် ပို့ကုန်လုပ်ငန်းများကိုလည်း ဦးစားပေးဆောင်ရွက်နိုင်ရေးကို ဆွေးနွေးခဲ့ပြီး လုပ်ငန်းရှင်များမှ စက်မှုကုန်ကြမ်း၊ ဓာတုပစ္စည်းများ၊ တိရစ္ဆာန်အစားအစာ၊ စက္ကူ တင်သွင်းခြင်း၊ သံနှင့် သံမဏိ ၊ ဆေးဝါးနှင့်ဆေးပစ္စည်းစသည်တို့တွင် တင်သွင်းမှု အခြေအနေများ၊ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရန် အကြံပြုချက်များစသည်တို့ကို ဆွေးနွေးတင်ပြခဲ့ကြကြောင်း သိရသည်။

**Source:** https://www.popularmyanmar.com/?p=133949


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

## လွယ်ဂျယ်နှင့်ကံပိုင်တည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ်နှစ်နိုင်ငံ ကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်နေ့များအတွင်း တင်ပို့ခဲ့သောပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ ၅၆၇၈၅၀.၃၃၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပြီး၊ သွင်းကုန်၏စုစုပေါင်းငွေပမာဏတန်ဖိုးမှာ ၈၁၆၃၁၂.၉၄၀ ကန်ဒေါ်လာ တင်သွင်းမှုရှိခဲ့ပါသည်။

တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်ဆန်များ တင်ပို့ခဲ့ကြောင်းသိရှိရပါသည်။ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏသည် ၃၆၉၃၉၆.၂၉၀ ကန်ဒေါ်လာဖြစ်ပြီး၊ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ ငွေပမာဏတန်ဖိုးမှာ ၁၉၈၄၅၄.၀၄၀ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံး နောက်တွဲယာဉ်နှင့်အခြားယာဉ်များ၊ လူသုံးအခြားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ အခြားချည်ခင်များ၊ ပိုတကကျ်ဆီယမ် ခာတ်မြေသြဇာ၊ ပလပ်စတစ်အိတ်၊ ကုန်ထုတ်စက္ကူနှင့်ပန်းသီးများ တင်သွင်းမှုရှိခဲ့ပါသည်။ ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၁၀၅၇၁၇.၈၇၀ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၇၁၀၅၉၅.၀၇၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ်ငွေလဲနှုန်းမှာ မြန်မာငွေ ၁ ကျပ်လျှင် တရုတ်ငွေ ၀.၃၄၉ ယွမ်ရှိပြီး တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆ရှိကြောင်းသိရှိရပါသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိ

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့်ကြက်သွန်ဖြူများ တစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်း မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်စုလှိုင်က ပြောပြ၍သိရသည်။

မအူပင်မြို့နယ်အတွင်း ရှမ်းပြည်နယ်မှ ကြက်သွန်ဖြူများ ဝင်ရောက်လျက်ရှိပြီး စက်တင်ဘာလ ပထမပတ်အတွင်းက ရှမ်းပြည်နယ်မှဝင်ရောက်လာသည့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၈၅၀၀ ထိသာ ဈေးရှိခဲ့ပြီး အောက်တိုဘာလ ပထမပတ်မှ ယနေ့(အောက်တိုဘာလ ၁၇)ရက်နေ့ထိ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူတစ်ပိဿာလျှင် ငွေကျပ် ၁၁၅၀၀ ထိ ဈေးကောင်းရရှိလာကြောင်းသိရသည်။ “ကြက်သွန်ဖြူက အောက်တိုဘာလ ပထမပတ်လောက်ကတည်းက ဈေးကောင်းနေတာပါ။ လက်ရှိ မအူပင်မြို့နယ်အတွင်းကို ရှမ်းပြည်နယ်ဘက်ကနေ ထွက်ရှိတဲ့ ကြက်သွန်ဖြူတွေ ပုံမှန်ဝင်ရောက်နေပါတယ်။ ဝင်ရောက်နေတဲ့ ကြက်သွန်ဖြူတွေက သန့်ရှင်းပြီးအရည်အသွေး ကောင်းတာလဲ တွေ့ရပါတယ်။ လက်ရှိ ကြက်သွန်ဖြူ တစ်ပိဿာကို ငွေကျပ် ၃၀၀၀ လောက်ထိ အရင်ထက်ဈေးပိုရနေပါတယ်။ ကြက်သွန်ဖြူဈေးကောင်းလာပေမဲ့ အရောင်းအဝယ်က ကောင်းနေပါတယ်” ဟု ဒေါ်စုလှိုင်ကပြောပြသည်။

မအူပင်မြို့နယ် စားသောက်ကုန်ရောင်းဝယ်ရေးနှင့် ကြက်သွန်ဖြူပွဲရုံများသို့ တစ်ရက်လျှင် ကြက်သွန်ဖြူ ပိဿာချိန် ၁၀၀၀ မှ ၅၀၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ အဆိုပါ ရှမ်းပြည်နယ်မှ ဝင်ရောက်လာသည့် ကြက်သွန်ဖြူများ ဈေးကောင်းရရှိလာသည့်အတွက် ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ စိုက်ပျိုးရေးလုပ်ငန်းရှင်များ၊ လုပ်သားများ၊ ပွဲရုံလုပ်ငန်းရှင်များ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**Source: ရတနာပုံသတင်းစာ**

## ကချင်ပြည်နယ်၏ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှု တစ်ပတ်အတွင်းနှိုင်းယှဉ်မှု

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်နေ့ အတွင်း ကံပိုင်တည်နယ်စပ်ကုန်သွယ်ရေးစခန်းနှင့် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တင်ပို့ခဲ့သည့် ကုန်ပစ္စည်းများအနေဖြင့် တစ်သျှူးငှက်ပျော၊ ရော်ဘာ၊ ဆန်ကွဲ၊ ပြောင်းနှင့်ဆန်များတင်ပို့ခဲ့ပြီး ပို့ကုန်၏စုစုပေါင်းငွေပမာဏမှာ ၅၆၇၈၅၀.၃၃၀ ကန်ဒေါ်လာတင်ပို့ခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့ထိ တင်ပို့ကုန်၏ငွေပမာဏ ၃၉၁၆၃၉.၈၂၀ ကန်ဒေါ်လာနှင့် ကာလတူတင်ပို့ကုန်၏ ငွေပမာဏနှိုင်းယှဉ်ပါက ၁၇၆၂၁၀.၅၁၀ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်ပို့မှုရှိခဲ့သည်ကို တွေ့ရပါသည်။

သွင်းကုန်ပစ္စည်းများအနေဖြင့် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်မှ ၁၃ ရက်နေ့အတွင်း ချည်ထည်များ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ လယ်ထွန်စက်များ၊ လယ်ယာသုံးနောက်တွဲယာဉ်နှင့်အခြားယာဉ်များ၊ လူသုံးအခြားပစ္စည်းများ၊ ဆေးဝါးပစ္စည်းများ၊ သံနှင့်သံမဏိဆောက်လုပ်ရေးပစ္စည်းများ၊ လုပ်ငန်းသုံးအခြားပစ္စည်းများ၊ အခြားချည်ခင်များ၊ ပိုတက်ဆီယမ် ဓာတ်မြေဩဇာ၊ ပလပ်စတစ်အိတ်၊ ကုန်ထုတ်စက္ကူနှင့်ပန်းသီးများ တင်သွင်းခဲ့ပြီး သွင်းကုန်၏ငွေပမာဏ တန်ဖိုးမှာ ၈၁၆၃၁၂.၉၄၀ ကန်ဒေါ်လာတင်သွင်းခဲ့ရာ ယခင်အပတ် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၃၀ ရက်မှ အောက်တိုဘာလ ၆ ရက်နေ့ထိ တင်သွင်းကုန်၏ ငွေပမာဏတန်ဖိုး ၅၁၀၂၃၃.၉၄၀ ကန်ဒေါ်လာနှင့် ကာလတူတင်သွင်းကုန်၏ ငွေပမာဏ နှိုင်းယှဉ်ပါက ၃၀၆၀၇၉ ကန်ဒေါ်လာတန်ဖိုး ပိုမို၍တင်သွင်းခဲ့သည်ကို တွေ့ရပါသည်။

တင်ပို့ကုန်နှင့်တင်သွင်းကုန်တို့၏ ငွေပမာဏများအားနှိုင်းယှဉ်ကြည့်ရာ တင်ပို့ကုန်၏ ငွေပမာဏမှာ ၂၄၈၄၆၂.၆၁၀ ကန်ဒေါ်လာတန်ဖိုး လျော့နည်း၍ကုန်သွယ်မှုပြုခဲ့ကြောင်း ကုန်သွယ်မှုစာရင်းများအရ တွေ့ရပါသည်။ ငွေလဲနှုန်းများမှာ တရုတ်ငွေ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၂၈၆.၅၃ ကျပ်ရှိကြောင်း သိရှိရပါသည်။

Source: **ကချင်ပြည်နယ်ဦးစီးမှူးရုံး**

## မိုးနှောင်းအစ ဝါဈေးနှုန်းကျနေ




မိုးနှောင်းအစ ပြည်တွင်းဝါဈေးနှုန်းများ အနည်းငယ်ကျသွားကြောင်း ဝါလုပ်ငန်းရှင် အသိုင်းအဝိုင်းမှသိရသည်။

လက်ရှိ ဝါအထွက်နှုန်းများနေသည့်အပြင် မိုးရွာသွင်းမှုများနေခြင်းကြောင့် ဝါများစိုစွတ်မှုများရှိကာ ဈေးကျဆင်းနေခြင်းဖြစ်ကြောင်းလည်း သုံးသပ်ကြသည်။ " အဓိက က ဝယ်လိုအား ရောင်းလိုအားပေါ့။ ဝါလဲ ပိုထွက်လာတယ်။ ဝါတွေလဲစိုတော့ ဈေးကကျသွားတာလို့ပြောလို့ရတယ်။ ဝါမစိုရင် ဈေးမကျပါဘူး။ မိုးကြိုတုန်းက ၃၅၀၀ ထိရှိတယ်။ မိုးကြိုတုန်းက ပျော်ဘွယ်၊ သာစည်ဘက်ပဲ ရှိတာ ဒီဘက်တွေမထွက်သေးဘူး။ အခုက တစ်နိုင်ငံလုံးကို ထွက်လာတယ်" ဟု မန္တလေးမြို့၊ စက်မှုဇုန် ၁ မှ သီဟမျိုး ဝါစက်၊ ဆီစက်နှင့် ဝါဂွမ်းရောင်းဝယ်ရေး မှ ကိုသီဟမျိုးမှပြောသည်။

လက်ရှိဈေးကွက်တွင် ဝါခြောက်များကိုသာ အဓိကထား ဈေးပိုပေး၍ဝယ်ယူနေပြီး ပြည်တွင်းဝါဈေးနှုန်းမှာ တက်လိုက်ကျလိုက်ဖြစ်နေကြောင်း ဝါလုပ်ငန်းရှင်များအဖွဲ့မှသိရသည်။

မိုးကြိုအစက ဝါတစ်ပိဿာလျှင် ၃၅၀၀ အထိ ရှိခဲ့ပြီး လက်ရှိဝါဈေးနှုန်းမှာ ဝါစိုနေပါက တစ်ပိဿာလျှင် ၂၈၀၀မှ ၃၀၀၀ အထိ ၊ ဝါ ခြောက်ပါက ၃၁၀၀မှ ၃၂၀၀ အထိသာရှိကြောင်း ဈေးကွက်မှစုံစမ်းသိရှိရပြီး ဒေသတခုနှင့်တစ်ခု ဈေးနှုန်းများ အနိမ့်အမြင့်ကွာကာ အရောင်းဝယ်ဖြစ်နေကြကြောင်း သိရသည်။

ဝါဈေး လက်ရှိ ၃၀၀၀ ဝန်းကျင်လောက်ပဲဖြစ်နေမှာပါ။ ဈေးကွက်ကတော့ နည်းနည်းကျတယ်။ ဒါပေမဲ့ တက်လိုက်ကျလိုက်ပါပဲ ဟု ဝါလုပ်ငန်းရှင်များအဖွဲ့မှ တာဝန်ရှိတစ်ဦးက ပြောသည်။

လက်ရှိပေါက်ဈေးမှာ လုပ်ငန်းရှင်များအတွက် အကျိုးအမြတ်များများ မရှိနိုင်ကြောင်းသိရပြီး စက်သမားများအနေဖြင့် စက်ခကျန်လောက်သာရှိကြောင်းနှင့် တောင်သူတွေအနေဖြင့်လည်း စိုက်စရိတ်ကြီးသည့်အတွက် အကျိုးအမြတ်သိပ်မကျန်ကြောင်း သိရသည်။

လက်ရှိတွင် ဝါကို တရုတ်ဘက်သို့ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှတဆင့် တင်ပို့နေခြင်းဖြစ်ပြီး ပုံမှန်ဝယ်ယူမှုများ ရှိနေမည်ဆိုပါက ဈေးကွက်ကောင်းနိုင်ကြောင်း ကုန်သည်များထံမှ သိရသည်။

မူဆယ် (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်မှ တင်ပို့သည့် ပို့ကုန်ပစ္စည်းများမှတစ်ဘက်နိုင်ငံသို့ တင်ပို့ရောင်းချရာတွင် အကောက်ခွန်သက်သာခွင့်အတွက် တရုတ်နိုင်ငံနှင့်အာဆီယံနိုင်ငံများအကြား ထုတ်ပေးသော ပင်ရင်းနိုင်ငံသက်သေခံလက်မှတ်ထုတ်ပေးလျက်ရှိရာ ဝါဂွမ်းတင်ပို့မှုအတွက် အများဆုံးထုတ်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်းလုံလောက်ပြီး ပြည်ပပို့ကုန်လျာထားချက်များ အောင်မြင်ရေးအတွက် စိုက်ကေတိုးချဲ့ဖို့ထက် အရည်အသွေးမီဝါများ တစ်ကေအထွက်နှုန်းကောင်းရန် ကျိုးပမ်းနေကြောင်းနှင့် မျိုးကောင်းမျိုးသန့်များ ကောင်းစွာလွှမ်းခြုံနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများမှ ပြည်ပစပ်မျိုးတင်သွင်းကုမ္ပဏီများအား ဆက်သွယ်ဖိတ်ခေါ် ကူညီပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်ကြောင်း မြန်မာနိုင်ငံ ဝါနှင့်ဝါထွက်ပစ္စည်းလုပ်ငန်းရှင်အသင်းမှသိရသည်။ ဝါကို မိုးနှမ်းနှင့်အတူ ၅ လပိုင်းကျော် ၆ လပိုင်းခန့်တွင် တွဲစိုက်ကြကြောင်းလည်း သိရသည်။

**Source: (AMIA)**

https://t.me/htwettoe

## ဆန်ဈေးတက်သည့်အပေါ် ထိုင်းဆန်တင်ပို့သူများ အကျိုးအမြတ်များရရှိရန် မျှော်မှန်း

ဘာစမာတီမှလွဲ၍ အိန္ဒိယဆန်ဖြူတင်ပို့မှု ပိတ်ပင်ထားခြင်းကြောင့် ဆန်ဈေးတက်သည့်အပေါ် ထိုင်းဆန်တင်ပို့သူများ အကျိုးအမြတ်များ ရရှိနိုင်လိမ့်မည်ဟု မျှော်လင့်ရသည်။ အနည်းဆုံး လာမည့်နှစ်အစောပိုင်းအထိ ကြာမြင့်မည်ဟု ခန့်မှန်းထားသည်။

ထိုင်းဆန်စက်အသင်း Thai Rice Mill Association ဥက္ကဋ္ဌ Rangsan Sabaimuang က အသင်းဝင်များသည် လာမည့်တစ်လနှစ်လအကြာတွင် စပါးရိတ်သိမ်းချိန်မတိုင်မီအထိ ထုတ်လုပ်မှုနှင့်ဈေးကွက်အခြေအနေ တည်ငြိမ်နေမည်ဟု နှစ်ပတ်လည်အစည်းအဝေးတွင် ကောက်ချက်ချခဲ့ကြောင်း ပြောကြားသည်။

မိုးခေါင်မှုနှင့်အယ်လ်နီညိုဖြစ်စဉ်ကြောင့် အလယ်ပိုင်းဒေသတွင် စံပယ်စပါးထုတ်လုပ်မှု အနည်းငယ်ကျဆင်းသွားဖွယ်ရှိသည်။ စံပယ်စပါးနှင့်ကောက်ညှင်းတို့ကို အဓိကစိုက်ပျိုးသည့် အရှေ့မြောက်ဒေသတွင် မိုးရွာသွန်းမှုကောင်းမွန်ကြောင်း၊ စပါးထုတ်လုပ်မှု ပုံမှန်ဖြစ်မည်ဟု ခန့်မှန်းထားကြောင်း ၎င်းကပြောကြားသည်။

အချို့သော ငွေကြေးအဖွဲ့အစည်းများသည် ဆန်စက်များအတွက် ချေးငွေကို ကန့်သတ်ထားသော်လည်း ထိုင်းဆန်စက်အသင်းမှအဖွဲ့ဝင်များက လာမည့်စပါးရိတ်သိမ်းရာသီတွင် လယ်သမားများထံမှ စပါးဝယ်ယူရန် ငွေကြေးအဆင်သင့်ရှိကြောင်း အတည်ပြုပြောကြားကြသည်။

**Source: nationthailand**

https://www.foodindustrydirectory.com.mm/food-industry/cuisine/thinland/item/7088-asia-rice.html

## ထိုင်းနိုင်ငံစက်မှုဝန်ကြီးဌာနက အရည်အသွေးမမီသော လူသုံးကုန်ပစ္စည်းများ ထိုင်းနိုင်ငံအတွင်းသို့ တင်သွင်းလာခြင်းမရှိစေရေး အလေးထားဆောင်ရွက်သွားမည်ဖြစ်

ထိုင်းပြည်တွင်းစက်ရုံများနှင့် ပြည်သူများအားအကာအကွယ်ပေးရန်အတွက် ထိုင်းနိုင်ငံအတွင်းသို့ အရည်အသွေးမမီသော ပစ္စည်းများတင်သွင်းမှု တားဆီးခြင်းကိုလာမည့် ၆ လအတွင်း အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ အရည်အသွေးမမီသော ကုန်ပစ္စည်းများကြောင့် ထိုင်းစွန့်ဦးတီထွင် လုပ်ငန်းရှင်များနှင့် စားသုံးသူများအပေါ် သက်ရောက်လာသည်ဟု ရေးသားဖော်ပြထားသည့် အစီရင်ခံစာအရ ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနဝန်ကြီး Ms. Pimphattra Wichaikul က ပြောကြားခဲ့ပါသည်။

တင်သွင်းသူများက မည့်သည့်နိုင်ငံမှ ဝယ်ယူတင်သွင်းခဲ့သည်ဆိုသည်ကို ထုတ်ဖော်ပြောကြားခြင်း မပြုသော်လည်း ဖြန့်ကျက်ပြောမည်ဆိုပါက အိမ်နီးချင်းနိုင်ငံများမှ ဖြစ်နိုင်ကြောင်း၊ ထိုင်းစက်မှု စံချိန်စံညွှန်း အင်စတီကျူ (Thai Industrial Standards Institute –TISI) ကို အကောက်ခွန်ဦးစီးဌာနနှင့်ပူးပေါင်း၍ အင်စတီကျူ၏ စီမံခန့်ခွဲမှုအောက်ရှိ တင်သွင်းကုန်စည်များ၏ အရည်အသွေးများကိုစစ်ဆေးရန် လမ်းညွှန်မှာကြားထားပါကြောင်း၊ လာမည့် ၆ လအတွင်း ဈေးကွက်အတွင်းရှိ အရည်အသွေးမမီသော ပစ္စည်းများအားလုံး ဖယ်ရှားနိုင်ရေး ဦးတည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားပါသည်။

ထိုင်းစက်မှုစံချိန်စံညွှန်းအင်စတီကျူက ကုန်ပစ္စည်း ၁၄၃ မျိုး အပေါ် စစ်ဆေးသွားမည်ဖြစ်ပြီး သတ်မှတ်အရည်အသွေးနှင့် လုံခြုံစိတ်ချရမှု စံချိန်စံညွှန်းများကို အသိအမှတ်ပြုသွားမည်ဖြစ်ကြောင်း၊ တင်သွင်းကုန်ပစ္စည်းများအပေါ် ပိုမိုတင်းကြပ်သည့် လုပ်ထုံးလုပ်နည်းများနှင့် အင်စတီကျူအနေဖြင့်လည်း ပိုမိုတင်းကြပ်စွာ စစ်ဆေးသွားမည် ဖြစ်ကြောင်း၊ ဈေးများနှင့် အွန်လိုင်းမှ ရောင်းချသည့် ပုံစံ ၂ မျိုးစလုံးအတွက် အကျုံးဝင်မည်ဖြစ်ပါကြောင်း၊ အရည်အသွေးနိမ့် ကုန်ပစ္စည်းတင်သွင်းလာသူများကိုလည်း အမြင့်ဆုံး ထောင်ဒဏ် ၂ နှစ် သို့မဟုတ် ငွေဒဏ် ဘတ် ၂ သန်း ချမှတ်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်းကုန်သည်များသည် ယင်းကုန်ပစ္စည်းများကိုရောင်းချသည်ကို စိစစ်တွေ့ရှိပါက ထောင်ဒဏ် ၆ လ သို့မဟုတ် အမြင့်ဆုံးငွေဒဏ် ဘတ် ၅၀၀,၀၀၀ ချမှတ်သွားမည်ဖြစ်ကြောင်း၊ အင်စတီကျူ၏ ခေတ္တအထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Mr. Wanchai Phanomchai က ပြောကြားခဲ့ပါသည်။

ပြည်တွင်း အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများကို ကာကွယ်ရန်အတွက် ဈေးနည်းသော တရုတ် ကုန်ပစ္စည်းများ တင်သွင်းလာခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာအစိုးရဌာနများကို တိုက်တွန်းထားပါကြောင်း၊ ပြည်တွင်း အငယ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများသည် ကပ်ရောဂါ၏သက်ရောက်မှုများမှ ပြန်လည်ထူထောင်ရေးအတွက် ရုန်းကန်နေရဆဲဖြစ်ပါကြောင်း၊ အရည်အသွေးမမီသော တင်သွင်းကုန်စည်များ ဈေးကွက်အတွင်း လွှမ်းမိုးလာမှုကို ကာကွယ်စေလိုကြကြောင်း ထိုင်းစက်မှုလုပ်ငန်းရှင်များအသင်းချုပ်က ဆိုပါသည်။

အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများကို ပိုမိုထောက်ပံ့သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဖိတ်ခေါ်နိုင်ရေးအတွက် လျှပ်စစ်မော်တော်ယာဉ် မက်လုံးပေးအစီအစဉ်သစ်များကို စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန ဝန်ကြီးက ကတိပေးပြောကြားခဲ့ပါသည်။

**Source: www.bangkokpost. gov**

**(စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)**

https://myantrade.gov.mm/article/Naypyitawstp_171020231144

## တရုတ်နိုင်ငံသည် ပို့ကုန်တည်ငြိမ်စေရန် မူဝါဒများဖြင့် ပံ့ပိုးပေးလျက်ရှိ

သွင်းကုန်တားဆီးရေးဝါဒနှင့် ကမ္ဘာ့စီးပွားရေးတွင် မသေချာမရေရာမှုများမြင့်တက်နေပြီး ပြင်ပဝယ်လိုအား ဆက်တိုက်ကျဆင်းနေသဖြင့် တရုတ်နိုင်ငံသည် ၎င်း၏ပို့ကုန်တည်ငြိမ်စေရေးအတွက် မူဝါဒများဖြင့် ပံ့ပိုးကူညီရန် မျှော်လင့်ထားသည်ဟု ကျွမ်းကျင်သူများနှင့် အစိုးရတာဝန်ရှိသူများက ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

သွင်းကုန်နှင့်ပတ်သက်၍လည်း ပြည်တွင်းစားသုံးမှုနှင့်ရင်းနှီးမြှုပ်နှံမှုကို လှုံ့ဆော်နိုင်ရေးအတွက် ပိုမိုတက်ကြွစွာ ဆောင်ရွက်ရန် အကြံပြုထားကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းဖြင့် တရုတ်စီးပွားရေး ပြန်လည်နာလန်ထူလာမှုကို အရှိန်မြှင့်တင်ရန် အထောက်အကူပြုမည်ဟု ၎င်းတို့က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

၁၃-၁၀-၂၀၂၃ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် တရုတ်နိုင်ငံအကောက်ခွန်အထွေထွေ အုပ်ချုပ်မှုအာဏာပိုင်အဖွဲ့၏ အချက်အလက်များအရ ဇန်နဝါရီလမှ စက်တင်ဘာလအတွင်း တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ယွမ် (၃၀.၈)ထရီလီယံ (အမေရိကန်ဒေါ်လာ ၄.၃၃ ထရီလီယံ)ရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် (၀.၂) ရာခိုင်နှုန်း ကျဆင်းသွားကြောင်း၊ ပို့ကုန်သည် ယွမ် (၁၇.၆)ထရီလီယံရှိကာ ယခင်နှစ်ထက် (၀.၆)ရာခိုင်နှုန်း တိုးလာပြီး သွင်းကုန်သည် ယွမ် (၁၃.၂) ထရီလီယံဖြင့် (၁.၂)ရာခိုင်နှုန်း ကျဆင်းသွားကြောင်း သိရှိရပါသည်။

ပို့ကုန်လုပ်ငန်းရှင်များနှင့် ဒေသန္တရအစိုးရများ၏ တောင်းဆိုချက်များကို တုံ့ပြန်ဆောင် ရွက်ပေးခြင်းဖြင့် မူဝါဒအစီအမံများ အကောင်အထည်ဖော်မှုကို အနီးကပ်စောင့်ကြည့်နေမည်ဖြစ်ကြောင်း တရုတ်နိုင်ငံ အကောက်ခွန်အထွေထွေအုပ်ချုပ်မှု အာဏာပိုင်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူ Lyu Daliang က ပြောကြားခဲ့ပါသည်။

တရုတ်နိုင်ငံအကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ထွန်းသစ်စဈေးကွက်များတွင် အခွင့်အလမ်းများ ရှာဖွေနေသည့် နိုင်ငံခြားကုန်သွယ်မှုလုပ်ငန်းများကို ကူညီပေးမည့်အပြင် ပို့ကုန်လုပ်ငန်းရှင်များအတွက် အကောက်ခွန် ရှင်းလင်းသည့်အချိန်ကို ထပ်မံလျှော့ချရန်၊ နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ်ကူးသန်းရောင်းဝယ်ရေး တိုးတက်မှုကို ပံ့ပိုးပေးရန်နှင့် တရုတ်နိုင်ငံ၏ အဓိကကုန်သွယ်ဖက်များနှင့် စီးပွားရေးဆက်ဆံမှုကိုတိုးမြှင့်ရန် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရှိရပါသည်။

တရုတ်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် နယ်စပ်ဖြတ်ကျော် စီးပွားရေးလုပ်ငန်းများ လွယ်ကူချောမွေ့စေရန်နှင့် စွမ်းအင်သစ်သုံး မော်တော်ယာဉ်ဆိုင်ရာကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်အတွက် မူဝါဒအစီအမံများကို မကြာသေးမီက ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

ပိုမိုဆန်းသစ်သောနည်းပညာသုံး ထုတ်ကုန်များကို တင်ပို့ခြင်းသည် တရုတ်နိုင်ငံ၏ စီးပွား ရေးကို ကွဲပြားခြားနားစေပြီး အချို့သောလုပ်ငန်းစုများနှင့် ဈေးကွက်များအပေါ် မှီခိုအားထားမှုကို လျှော့ချနိုင်မည်ဖြစ်ပြီး စီးပွားရေးမသေချာမရေရာမှုများကို ပိုမိုခံနိုင်ရည်ရှိစေမည်ဟု တရုတ် လူမှုရေးသိပ္ပံအကယ်ဒမီမှ သုတေသီ Dong Yan က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ပြည်ပဝယ်လိုအား ကျဆင်းခြင်းသည် တရုတ်နိုင်ငံ၏ ပို့ကုန်လုပ်ငန်းရှင်များအတွက် တစ်နှစ်တာလုံး၌ အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်ကြောင်း၊ အမေရိကန်နှင့်ဥရောပတို့မှ ဝယ်လိုအားသည် ကပ်ရောဂါအကြိုအဆင့်နှင့်နှိုင်းယှဉ်ပါက အနည်းငယ်လျော့ကျ နေဆဲဖြစ်ကြောင်း၊ သို့သော်လည်း ယခင်ကကျဆင်းနေသည့် တရုတ်-အမေရိကန်ကုန်သွယ်မှုတွင် ပြန်လည်နာလန်ထူသည့် အရိပ်အယောင်များကို မြင်တွေ့ရကြောင်း သိရှိရပါသည်။

တရုတ်နိုင်ငံ၏ နိုင်ငံခြားကုန်သွယ်မှုသည် ခံနိုင်ရည်အားကောင်းပြီး ပြည်တွင်းစီးပွားရေး ပြန်လည်ဦးမော့လာခြင်းနှင့်အတူ ကမ္ဘာ့ဝယ်လိုအား အနည်းငယ်တိုးလာနိုင်ခြင်းကြောင့် လာမည့်လများအတွင်း ပို့ကုန်နှင့်သွင်းကုန်နှစ်ခုစလုံးတွင် တိုးတက်မှုကို တွေ့မြင်ရလိမ့်မည်ဟု China Everbright Bank မှ လေ့လာသုံးသပ်သူ Zhou Maohua က ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

နိုင်ငံခြားကုန်သွယ်မှုအလားအလာများ ပိုမိုကောင်းမွန်လာခြင်းသည် ရပ်ဝန်းနှင့်ပိုးလမ်းမ (Belt and Road Initiative) တွင် ပါဝင်သောဈေးကွက်များသို့ တင်ပို့ရောင်းချသည့်လုပ်ငန်းများအတွက် ပို၍အကျိုးရှိမည်ဟု မျှော်လင့်ထားကြောင်း သိရှိရပါသည်။

**Source:** [www.chinadaily.com.cn/a/202310/13/WS65296213a31090682a5e87bd.html](www.chinadaily.com.cn/a/202310/13/WS65296213a31090682a5e87bd.html)

**(စီးပွားရေးသံမှူး၊ နန်နင်းမြို့)**

[https://myantrade.gov.mm/article/NaypyiTawstp_171020231214](https://myantrade.gov.mm/article/NaypyiTawstp_171020231214)

## STOCK EXCHANGE (18.10.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 18th Oct. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,534 (Shares) | 11,247,950 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,900 | +0 | +0.00% | 8,800 | 8,900 | 8,800 | 440 | 3,873,000 | 33,109,694 | 294,676 |
| MTSH | 00002 | 3,000 | +0 | +0.00% | 3,000 | 3,000 | 3,000 | 191 | 573,000 | 38,929,150 | 116,788 |
| MCB | 00003 | 8,400 | +400 | +5.00% | 8,000 | 8,400 | 8,000 | 195 | 1,628,000 | 10,400,986 | 87,368 |
| FPB | 00004 | 1,700 | +0 | +0.00% | 1,700 | 1,700 | 1,700 | 167 | 283,900 | 29,664,613 | 50,430 |
| TMH | 00005 | 2,650 | +50 | +1.92% | 2,650 | 2,650 | 2,650 | 302 | 800,300 | 12,823,224 | 33,982 |
| EFR | 00006 | 2,100 | +0 | +0.00% | 2,150 | 2,150 | 2,050 | 220 | 462,000 | 19,977,223 | 41,952 |
| AMATA | 00007 | 4,900 | +0 | +0.00% | 4,900 | 4,900 | 4,900 | 30 | 147,000 | 10,497,598 | 51,438 |
| MAEX | 00008 | 1,750 | +0 | +0.00% | 1,750 | 1,750 | 1,750 | 1,989 | 3,480,750 | 23,804,946 | 41,659 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

## Market summary

As of 18th Oct. 2023

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 380.82 | +2.55 | +0.67% | 377.05 | 380.82 | 376.52 | 3,534 | 11,247,950 | 8 | 718,293 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 18th Oct. 2023

| Trading Volume | Trading Value |
|---|---|
| 3,534 (Shares) | 11,247,950 (MMK) |

## Main Board

As of 1:00 pm, 18th Oct. 2023

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 3,534 (Shares) | 11,247,950 (MMK) |

| MYANPIX | 380.82 ▲ 2.55 |
|---|---|
| Total Volume (shares) | 3,534 |
| Total Value (MMK) | 11 mil |
| Listed Company | 8 |
| Market Cap. (MMK) | 718,293 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,900 | ▲ 0 |
| MTSH | 00002 | 3,000 | ▲ 0 |
| MCB | 00003 | 8,400 | ▲ 400 |
| FPB | 00004 | 1,700 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 50 |
| EFR | 00006 | 2,100 | ▲ 0 |
| AMATA | 00007 | 4,900 | ▲ 0 |
| MAEX | 00008 | 1,750 | ▲ 0 |